**(၁၃-၁၁-၂၀၂၀) မှ (၁၉-၁၁-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ**

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ(၅%)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဖြင့်လည်းကောင်း၊ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၇ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်ပဆန်ဈေးကွက်သတင်းများအနေဖြင့် ထိုင်းရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန် ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၄၅၅-၄၇၂ ဒေါ်လာ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန် လျှင် ၄၆၅-၄၈၅ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ထိုင်းနိုင်ငံတွင် (၁၀၀ %) ဘီဂရိတ်ဆန် အပါအဝင် ဆန်အမျိုးအစားများအားလုံး ဈေးမြင့်တက်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံ တွင်လည်း ဆန်အော်ဒါသစ်များ တက်လာနိုင်သည့် မျှော်လင့်ချက်များကြောင့် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် ညှော့မထ (၅%) ဆန်မှာ ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး ညှော့မထ(၂၅%) ဆန်မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။

၄။ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများသည် ယခင်အပတ်ကအတိုင်း မပြောင်းလဲပဲ ဈေးနှုန်း တည်ငြိမ်လျက်ရှိပြီး နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် မိုးစပါး စတင်ထွက်ရှိလာပြီ ဖြစ်ခြင်းကြောင့် ဆန်ရောင်းလိုအား မြင့်တက်လာခဲ့ကြောင်း တောင်ပိုင်း အန္ဒရဒေသပြည်နယ်၊

ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။အစိုးရက တောင်သူဆီမှ စပါးဝယ်ယူပေးလျက်ရှိပြီး အိန္ဒိယအစိုးရ၏ တောင်သူများထံမှ ရာသီသစ်စပါး ဝယ်ယူမှုသည် အောက်တိုဘာလကုန်ချိန်တွင် ၂၁ % အထိ မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။

၅။ ဆန်စျေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ (ယာယီ) စာရင်းများအရဆန်နှင့်ဆန်ကွဲ ပြည်ပ တင်ပို့မှုအနေဖြင့် ဆန်တန်ချိန် ၀.၀၆၆ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆.၆၅၇ သန်း၊ ဆန်ကွဲ တန်ချိန် ၀.၀၄၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၇၁၈ သန်း၊ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၁၁၃ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁.၃၇၅ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ယင်း တင်ပို့မှုများသည်ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့်တင်ပို့နိုင်ခြင်း ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ် ကာလတူတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၂၈၁ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁.၆၁၄ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ကာလတူထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၁၆၈ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀.၂၃၉ သန်း လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

၆။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအတွင်း (ယာယီ) စာရင်းများအရပြည်ပသို့ ဆန်နှင့်ဆန်ကွဲ အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံများမှာတရုတ်၊ ဘယ်လ်ဂျီယမ်၊ ပိုလန်၊ မလေးရှား၊ ဟန်ဂေရီ၊ UK ၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ဖိလစ်ပိုင်နှင့် ဂရိနိုင်ငံတို့ ဖြစ်ကြပါသည်။

၇။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ အတွင်းတွင် ပြည်ပသို့ ပို့ကုန်တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ၈၅၀.၀၄၀ သန်းသာရှိပြီး ယခင်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၁၅၃၁.၁၇၃ သန်းဖြစ်၍ ယခင်နှစ်ကာလတူထက် ပို့ကုန်တင်ပို့နိုင်မှု အမေရိကန်ဒေါ်လာ ၆၈၁.၁၃၃ သန်း လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။ သွင်းကုန်တင်သွင်းမှုမှာအမေရိကန်ဒေါ်လာ ၁၁၆၇.၇၁၄ သန်းရှိပြီး မြန်မာနိုင်ငံက တင်ပို့ထား သည့် ပို့ကုန်ပမာဏထက် ပြည်ပနိုင်ငံများမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏ ပို၍များနေခြင်း ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအတွင်း ကုန်သွယ်မှုလိုငွေ ၃၁၇.၆၇၄ သန်း ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၈။ COVID-19 ကာလတွင် ကုန်သွယ်မှုကဏ္ဍ၌ ထိခိုက်မှုနည်းပါးသည်ဟုယူဆနိုင်သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထိခိုက်မှုများရှိလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် COVID-19 အလွန်ကာလ၌ ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်တို့အတွက်အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း အောက်တိုဘာလ ၂၉ ရက်နေ့ကပြုလုပ်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကပြောကြားခဲ့သည်ကို သိရှိရပါသည်။

၉။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သောမူဆယ်မြို့တွင် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၀၃ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅% ဆန်တစ်အိတ်လျှင် ၂၃၃၄၅ ကျပ်မှ ၂၄၃၆၀ ကျပ်ကြားပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သောမြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့်၁ ဘတ်လျှင် ၄၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

၁၀။ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကိုလေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၃၀၀ကျပ်၊ မုံရွာမြို့တွင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ၁၉၀၀ကျပ်ဖြင့်အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ၁၂၀၀ ကျပ်၊ ဘားအံမြို့နှင့် မော်လမြိုင်တို့တွင် ၁၁၀၀ ကျပ်နှင့် စစ်တွေမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကိုတွေ့ရှိရပါသည်။

၁၁။ Trading Economics Website တွင်ဖော်ပြချက်အရယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၃.၃၂ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ ်နိုဝင်ဘာလ တတိယပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှု များဖြစ်ပေါ်နေသည်ကိုလေ့လာသုံးသပ်တင်ပြအပ်ပါသည်။